
24 December, 2021

**အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇၁)**
ပို့ကုန်၊ သွင်းကုန်နှင့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

## ပြည်ပပို့ကုန် ကုန်စည်အုပ်စုအလိုက်တင်ပို့ခြင်း ကာလတူနှိုင်းယှဉ်ချက်

၂၀၁၉-၂၀၂၀(ဇူလိုင်) နှင့် ၂၀၂၀-၂၀၂၁(ဇူလိုင်) ယာယီစာရင်းအား နှိုင်းယှဉ်ထားခြင်း ဖြစ်ပါသည်




ပြည်ပပို့ကုန် ကုန်စည်များ အုပ်စုအလိုက်တင်ပို့ခြင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဇူလိုင်အထိ)နှင့် ကာလတူ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇူလိုင်အထိ) ယာယီစာရင်းအား နှိုင်းယှဉ်ရာတွင် လယ်ယာထွက်ပစ္စည်းအုပ်စုမှအပ ကျန်အုပ်စုများတွင် ဆက်လက်လျော့ကျနေပါသည်။ ယခင်လက ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၇** မှ အချက်အလက်များနှင့် နှိုင်းယှဉ်ပါက စက်မှုကုန်ချောပစ္စည်း တင်ပို့နိုင်မှုသည် အများဆုံးဆက်ဖြစ်နေပါသည်။ ပမာဏအားဖြင့်ကြည့်ပါက စက်မှုကုန်ချောပစ္စည်း တင်ပို့နိုင်မှုသည် ယခင်ဘဏ္ဍာနှစ် (ကာလတူ) တွင် အမေရိကန်ဒေါ်လာ သန်း ၈,၀၀၀ ကျော်ဖြင့် အများဆုံး တင်ပို့နိုင်ခဲ့သည့်နည်းတူ၊ ယခုဘဏ္ဍာနှစ် (ကာလတူ) ယာယီစာရင်း၌လည်း အမေရိကန်ဒေါ်လာ သန်း ၆,၂၀၀ ကျော်ဖြင့် အများဆုံးတင်ပို့ထားသည်။ သို့သော် ကုန်စည်အုပ်စုအားလုံး စုစုပေါင်း တင်ပို့မှုပမာဏကို နှိုင်းယှဉ်ရာ၌ ယခင်နှစ်ကထက် အမေရိကန်ဒေါ်လာ သန်း ၂,၃၀၀ ကျော် လျော့နည်းခဲ့ပါသည်။


ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇၁)

### ပို့ကုန်၊ သွင်းကုန်နှင့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

**ပြည်ပသွင်းကုန် ကုန်စည်အုပ်စုအလိုက် တင်သွင်းခြင်း ကာလတူနှိုင်းယှဉ်ချက်**

၂၀၁၉-၂၀၂၀(ဇူလိုင်) နှင့် ၂၀၂၀-၂၀၂၁(ဇူလိုင်) ယာယီစာရင်းအား နှိုင်းယှဉ်ထားခြင်း ဖြစ်ပါသည်




ပြည်ပသွင်းကုန် ကုန်စည်အုပ်စုအလိုက် တင်သွင်းခြင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဇူလိုင်အထိ)နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇူလိုင်အထိ) ယာယီစာရင်းအား ကာလတူနှိုင်းယှဉ်ရာ၌ ကဏ္ဍသုံးရပ်စလုံးတွင် ဆက်လက်လျော့ကျနေဆဲ ဖြစ်ပါသည်။ ယခင်လက ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၅၇** မှ အချက်အလက်များနှင့် နှိုင်းယှဉ်ပါက (ကဏ္ဍသုံးရပ် ကုန်စည်တင်သွင်းမှု လျော့ကျခြင်း၌) ကွာဟချက် ကြီးကြီးမားမားမရှိသော်လည်း ဆက်လက်ကျဆင်းနေသည်။ ပမာဏအားဖြင့် ယခင်ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ ၁၆,၃၀၁ ဒသမ ၀၉၃ သန်းကျော် တင်သွင်းခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂,၂၆၅ ဒသမ ၄၀၄ သန်းသာ တင်သွင်းနိုင်သဖြင့် အမေရိကန်ဒေါ်လာ ၄,၀၃၅ ဒသမ ၆၈၉ သန်း လျော့နည်းခဲ့ပါသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

24 December, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇၁)
## ပို့ကုန်၊ သွင်းကုန်နှင့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### ပြည်ပပို့ကုန် ကုန်စည်အုပ်စုအလိုက် အမျိုးအစားများ ခွဲခြားပြထားပုံ

| လယ်ယာထွက် | တိရစ္ဆာန်ထွက် | ရေထွက် | သတ္တုတွင်းထွက် | သစ်တောထွက် | စက်မှုကုန်ချော | အခြား |
|---|---|---|---|---|---|---|
| ဆန် | သားရေစိမ်းနှင့် သားရေချော | ငါး | သတ္တုနှင့် သတ္တုရိုင်းများ | ကျွန်းသစ်လုံး | သကြား | သီးခြားအမျိုးအစား ခွဲခြားထားခြင်းမရှိပါ |
| ဆန်ကွဲ | အခြားတိရစ္ဆာန်ထွက် ပစ္စည်းများ | ပုစွန် | ကျောက်စိမ်း | ကျွန်းသစ်ခွဲသား | ချုပ်ပြီးအထည် | |
| ပြောင်း | | အခြားရေထွက် ပစ္စည်းများ | ကျောက်မျက် ရတနာများ | သစ်မာလုံး | လက်ဝတ်ရတနာ | |
| ပဲအမျိုးမျိုး | | | အခြားသတ္တု တွင်းထွက်ပစ္စည်းများ | သစ်မာခွဲသား | သဘာဝဓာတ်ငွေ့ | |
| နှမ်း | | | | သစ်ပါးလွှာနှင့် အထပ်သား | အခြားစက်မှု ကုန်ချောပစ္စည်း | |
| ပန်းနှမ်း | | | | အခြားသစ်တောထွက် ပစ္စည်းများ | | |
| ဝါ | | | | | | |
| ဆီကြိတ်ဖတ် | | | | | | |
| ဖွဲနု | | | | | | |
| အခြား တိရစ္ဆာန်အစားအစာ | | | | | | |
| ရာဘာစိမ်း | | | | | | |
| အခြားလယ်ယာကိုင်း ကျွန်းထွက်ပစ္စည်းများ | | | | | | |

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ပို့ကုန်များကို ကုန်စည်အုပ်စုအလိုက် ခွဲခြားပြရာတွင် အုပ်စု ခုနစ်မျိုး ခွဲခြားထားပါသည်။ အဆိုပါ အုပ်စုကြီး ခုနစ်မျိုးထဲတွင် ပါဝင်သည့် ကုန်စည်ပစ္စည်း အမျိုးအမည်အသေးစိတ်ကို ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ပြန်ထားသည့် တရားဝင်အချက်အလက်များအရ ပုံပါအတိုင်း ခွဲခြားထားပါသည်။ အဆိုပါ ထုတ်ပြန်ချက်တွင် လယ်ယာထွက် (၁၂)မျိုး၊ တိရစ္ဆာန်ထွက် နှစ်မျိုး၊ ရေထွက် သုံးမျိုး၊ သတ္တုတွင်းထွက် လေးမျိုး၊ သစ်တောထွက် ခြောက်မျိုးနှင့် စက်မှုကုန်ချော ငါးမျိုးတို့ ပါဝင်ပါသည်။


ရင်းမြစ် - ဗဟိုစာရင်းအင်းအဖွဲ့

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၇၁)

## ပို့ကုန်၊ သွင်းကုန်နှင့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ၁၅ နိုင်ငံ

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်




၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအချက်အလက်များအရ မြန်မာနိုင်ငံသည် နိုင်ငံနှင့် ဒေသပေါင်း ၂၃၆ ခုနှင့် ကုန်သွယ်မှု ပြုလုပ်နေပြီး ကုန်သွယ်မှုပမာဏ တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ ၃၆,၇၃၂ သန်းခန့်ရှိသည်။ ထိုအထဲမှ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏမှာ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုတန်ဖိုး စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းခန့် ရှိပါသည်။ တရုတ်နိုင်ငံမှာ မြန်မာနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာ့နိုင်ငံခြားကုန်သွယ်မှု စုစုပေါင်းတန်ဖိုး၏ သုံးပုံတပုံခန့် ရှိသည်။ အဆိုပါပမာဏသည် ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်ဖြစ်သော ထိုင်းနိုင်ငံထက် နှစ်ဆကျော် ပိုများပြီး၊ တတိယနေရာတွင် ရှိနေသော စင်ကာပူထက် သုံးဆကျော် ပိုများပါသည်။ အမေရိကန်နှင့် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ သန်း ၁,၃၀၀ ကျော်သာ ရှိပြီး ဂျာမနီ၊ စပိန်၊ ဗြိတိန်၊ နယ်သာလန်၊ အီတလီ အစရှိသော နိုင်ငံများနှင့် တနိုင်ငံချင်း ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၁,၀၀၀ အောက်သာ ရှိသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန